**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

**ပုသိမ်မြို့**

**၂၀၁၇ ခုနှစ် တရားမပထမအယူခံမှုအမှတ်   ၈၂**

(၂၀၁၇ ခုနှစ် တရားမကြီးမှု အမှတ်- ၁၉ တွင်ချမှတ်သော ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ချမှတ်သော ဟင်္သာတခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကိုမကျေနပ်၍ အယူခံမှု)

ဦးသန်းလွင်          နှင့်          ဦးသိန်းဌေး

(အယူခံတရားလို)          (အယူခံတရားပြိုင်)

အယူခံတရားလိုအတွက်   - ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက်   - ဦးသိန်းရီ၊ တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

ဟင်္သာတခရိုင်တရားရုံး တရားမကြီးမှုအမှတ်- ၁၉/၂၀၁၁ တွင် တရားလိုဦးသိန်းဌေးက တရားပြိုင်ဦးသန်းလွင်အပေါ် အစုစပ်လုပ်ငန်းကိုဖျက်သိမ်း၍ စာရင်းရှင်းလင်းခွဲဝေပေးစေလိုမှု စွဲဆိုရာ (၃၀-၆-၂၀၁၇)ရက်နေ့တွင် တရားလိုဦးသိန်းဌေးနှင့် တရားပြိုင်ဦးသန်းလွင်တို့သည် ၁.၁၂:၀.၈၈ အချိုးဖြင့်ခွဲဝေယူကြစေရန် အပြီးသတ်ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို မူလရုံး တရားပြိုင်ဦးသန်းလွင်က မကျေနပ်၍ အယူခံမှုတင်သွင်းလာသော အမှုဖြစ်သည်။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက တင်ပြလျှောက်လဲရာတွင် တရားလို ဦးသိန်းဌေးသည် တရားပြိုင်ဦးသန်းလွင်ကို ငွေကျပ်သိန်း ၁၁၀ ပေးရန်ရှိကြောင်း၊ ရေသန့်စက်ရုံ အဆောက်အဦတည်ဆောက်ရာတွင် တရားပြိုင်ဦးသန်းလွင်က တရားလိုဦးသိန်းဌေးထံမှ ရရန်ရှိ သည့်ငွေသိန်း(၁၁၀)ကို ထုတ်ယူပြီးတည်ဆောက်ခဲ့ကြောင်းကို တရားလိုပြသက်သေဦးစိန်သောင်းမှ ထွက်ဆိုခဲ့ကြောင်း၊ တရားလိုဦးသိန်းဌေးထံမှ ရေသန့်စက်ရုံတည်ဆောက်ချိန်တွင် ဦးစိန်သောင်းမှ ထုတ်ယူတည်ဆောက်ခဲ့သည့်ငွေသိန်း(၁၁၀)ကျပ်မှာ တရားပြိုင်ဦးသန်းလွင်မှ ဦးသိန်းဌေးထံမှရရန် ရှိသည့်ငွေ(၁၁၀)သိန်းကျပ်အား ထုတ်ယူခဲ့ခြင်းဖြစ်သည်ဟု တရားလိုပြသက်သေများ၏ထွက်ဆိုချက် အရ ကော်မရှင်နာစစ်ဆေးရာတွင် ပေါ်ပေါက်ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍အဆောက်အဦတည်ဆောက် ရာတွင် ကုန်ကျငွေ(၁၁၀)သိန်းကျပ်အား တရားပြိုင်ဦးသန်းလွင်၏ မတည်ထည့်ဝင်ငွေအဖြစ်သတ် မှတ်ရမည်ဖြစ်ပြီး တရားလို၏စာရင်းထဲမှ ငွေသိန်း(၁၁၀)ကျပ်အား နှုတ်ပယ်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်နာအစီရင်ခံစာများတွင် တညီတညွတ်တည်းထည့်သွင်းပေးထားသည့် အဆောက်အဦ တည်ဆောက်ရာတွင် ကုန်ကျငွေ(၁၁၀)သိန်းကျပ်မှာ တရားပြိုင်ဦးသန်းလွင်ငွေများဖြစ်သည်ဟု ပေါ် ပေါက်ပါလျှက် အပြီးသတ်ဒီကရီချမှတ်ရာတွင် တရားပြိုင်ဦးသန်းလွင်၏မတည်ရင်းနှီးငွေအဖြစ် ထည့်သွင်းခြင်းမရှိဘဲ ဦးသိန်းဌေးထံမှ ထုတ်ယူထားသည့် စာရင်းအတိုင်း တရားလိုဦးသိန်းဌေး၏ မတည်ငွေအဖြစ်ဆက်လက်ထားရှိ၍ အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ကော်မရှင် နာ ဒေါ်ခင်စန်းဝေတင်သွင်းသည့် ဦးသန်းလွင်မတည်ရင်းနှီးငွေ စာရင်းအမှတ်စဉ်(၂၃)တွင် ဖော်ပြ ထားသည့်ရေသန့်စက်တည်ရှိရာမြေကွက်မှာ မြန်အောင်၊ ကြံခင်းကားလမ်းမကြီးဘေးတွင် တည်ရှိ သည့်မြေကွက်ဖြစ်ကြောင်း၊ ကော်မရှင်နာက မြေကွက်တန်ဘိုးမှာငွေ(၁၀၀၀)သိန်းကျပ်တန်သည့် မြေကွက်ဖြစ်ကြောင်း၊ မြေကွက်ဈေးနှုန်းမြင့်တက်လာသည့်ကာလတွင်ပင် တရားပြိုင်မှ ရေသန့်စက် ရုံလုပ်ငန်းအတွက် စိုက်ထုတ်ငွေစာရင်း၌ မြေတန်ဘိုးငွေ ၁၂၀၀၀၀၀၀/- ကျပ်သာဖော်ပြသတ်မှတ် ခြင်းမှာ တရားပြိုင်တွင်များစွာနစ်နာကြောင်း၊ ကော်မရှင်နာ ဦးတင်သန်းမှ တင်သွင်းသည့်ကော်မ

ရှင်နာအစီရင်ခံစာတွင် ဦးသိန်းဋ္ဌေးထည့်ဝင်ငွေ ၃၉၈၈၆၈၁၃ ကျပ်၊ ဦးသန်းလွင်ထည့်ဝင်ငွေ ၅၃၀၄၃၀၁၅ ကျပ်ဟု တင်သွင်းထားကြောင်း၊ ကော်မရှင်နာဒေါ်ခင်စန်းဝေက တင်သွင်းရာတွင် ဦးသန်းလွင်စိုက်ထုတ်ထည့်ဝင်ငွေမှာ ၇၃၅၄၃၀၁၂ ကျပ်ဟု ဖော်ပြတွက်ချက်ထားကြောင်း၊ အမှုစစ်ရာမှ တရားပြိုင်ဦးသန်းလွင်ဘက်မှ အစုစပ်လုပ်ငန်းတွင် စိုက်ထုတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းနှင့် ဒေါ်ခင်စန်းဝေတင်သွင်းသည့် ကော်မရှင်နာအစီရင်ခံစာပါစာရင်းတို့မှာ တူညီနေကြောင်း၊ အစုစပ်လုပ်ငန်းစာရင်းရှင်းလင်းဖျက်သိမ်းရာတွင် အစုစပ်လုပ်ငန်းစတင်တည်ထောင်စဉ်က ထည့်ဝင်သောအစုဝင်ငွေများအပေါ်မူတည်သတ်မှတ်ရမည်ဖြစ်ကြောင်း၊ တရားပြိုင်အစုဝင်ငွေ ၇၃၅၄၃၀၁၂ ကျပ်ဖြစ်ကြောင်း၊ တရားလိုစိုက်ထုတ်ထားသောငွေ ၅၀၈၈၆၈၁၉ ကျပ်မှာ အဆောက်အဦတည်ဆောက်စဉ် တရားပြိုင်မှ ၎င်းရရန်ရှိသည့်ငွေ(၁၁၀)သိန်းအား တရားလိုထံမှ ရယူကာတည်ဆောက်သဖြင့် ဦးသိန်းဋ္ဌေးထည့်ဝင်ငွေမှ တရားပြိုင်၏(၁၁၀)သိန်းကို နုတ်လျှင် ဦးသိန်းဋ္ဌေးထည့်ဝင်ငွေမှာ ၃၉၈၈၆၈၁၃ သာကျန်ကြောင်း၊ သို့ဖြစ်၍ ဦးသန်းလွင်မှာ ၇၃၅၄၃၀၁၂ ကျပ်နှင့် ဦးသိန်းဋ္ဌေးထည့်ဝင်ငွေမှာ ၃၉၈၈၆၈၁၃ ကျပ်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေတွင် တရားပြိုင်အားပေးဆပ်ရမည်ကို ထည့်သွင်းပေါင်းထားခြင်းနှင့် တရားပြိုင်မတည်ရင်းနှီးထားသည့်ခြံမြေတန်ဘိုးအား အနည်းငယ်သာထည့်၍ တရားပြိုင်၏မတည်ငွေအဖြစ်သတ်မှတ်ကာ တရားပြိုင်၏မတည်ရင်းနှီးငွေ ၄၅၂၅၀၈၉၈ ကျပ်ဖြစ်ကြောင်း၊ တရားလိုနှင့် တရားပြိုင်တို့သည် (၁.၁၂:၀.၈၈)အချိုးဖြင့် ခွဲဝေကြရန် အပြီးသတ်ဒီကရီချမှတ်ခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ မူလရုံးတရားပြိုင်သည် အမှုစစ်ဆေးရာ၌လည်းကောင်း၊ ကော်မရှင်နာစစ်ဆေးရာ၌လည်းကောင်း၊ ဘောက်ချာများ၊ ပြေစာများ၊ စာချုပ်စာတမ်းများ၊ စာမှတ်စာတမ်းများကို သက်သေခံအဖြစ်တင်ပြသော်လည်း တရားလိုကတင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားပြိုင်မှလည်းကောင်း၊ ဦးစိန်သောင်းမှလည်းကောင်း၊ တရားလိုဦးသိန်းဋ္ဌေးထံမှ ငွေထုတ်ယူသည့်မှတ်တမ်းမှတ်ရာ၊ စာတမ်းအမှတ်အသားတင်ပြနိုင်ခြင်းမရှိဘဲ တရားပြိုင်က လက်မှတ်ရေးထိုးပေးခြင်းမရှိသည့် စာရင်းစာရွက်များအပေါ် အခြေပြုတွက်ချက်ကာ တရားလို၏မတည်ငွေ ၅၀၈၈၆၈၁၉ ကျပ်ဟု သတ်မှတ်ပေးခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ သို့ဖြစ်၍ မူလရုံး၏ အပြီးသတ်ဒီကရီကိုပယ်ဖျက်၍ တရားပြိုင်၏မတည်ငွေအား ၇၃၅၄၃၀၁၂ ကျပ်ဟု သတ်မှတ်ပြီး တရားလိုနှင့် တရားပြိုင်တို့ရရှိမည့်အချိုးအား တိုးမြှင့်ပေးရန် တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင်၏တရားလွှတ်တော်ရှေ့နေက တင်ပြလျှောက်လဲရာတွင် ကော်မရှင်နာဒေါ်ခင်စန်းဝေ၏ အစီရင်ခံစာနောက်ဆက်တွဲ(က)ဦးသန်းလွင်မှ ရေသန့်လုပ်ငန်းအတွက် စိုက်ထုတ်ငွေအား တင်သွင်းထားပြီး၊ တရားပြိုင်မှရေသန့်လုပ်ငန်းအတွက် စိုက်ထုတ်ငွေ ၇၃၅၄၃၀၁၂ ကျပ်ဟုဖော်ပြထားပြီး တရားပြိုင်အား တရားလိုမှ ထရန်စဖော်မာတပ်ဆင်ပေးရာတွင် စိုက်ထုတ်ပေးထားသည့်(၁၁၀)သိန်းကျပ်ရှိကြောင်း၊ ကော်မရှင်နာစစ်ဆေးစဉ်က သက်သေခံ(က)စာချုပ်အရပေါ်ပေါက်နေပြီး ယင်းငွေသိန်း(၁၁၀)ကျပ်ကို တရားပြိုင်၏မတည်ရင်းနှီးငွေအဖြစ် ထည့်သွင်းသတ်မှတ်မပေးခြင်းမှာ နစ်နာသည်ဟုအကြောင်းပြထားကြောင်း၊ ယင်းငွေကျပ်သိန်း(၁၁၀)ကျပ်သည် ရရန်ပေးရန်ပစ္စည်းစာရင်းရှင်းလင်းမှုနှင့်သာသက်ဆိုင်၍ မတည်ငွေနှင့်သက်ဆိုင်မှုမရှိဟု ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၂၃/၂၀၁၅ တွင် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ ကော်မရှင်နာအစီရင်ခံစာအပေါ် အတည်ပြုပြီးနောက်မှ အပြီးသတ်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်ရာ မူလရုံးကချမှတ်သောအမိန့်သည် မှားယွင်းမှုမရှိကြောင်း၊ ကော်မရှင်နာဒေါ်ခင်စန်းဝေ၏အစီရင်ခံစာတွင် အစုစပ်လုပ်ငန်းဖျက်သိမ်းနိုင်ရန် တရားလိုနှင့် တရားပြိုင်တို့မှ လုပ်ငန်းတွင်ထည့်ဝင်ထားသောမတည်ငွေများကို အတည်ပြုနိုင်ရန်အတွက် စစ်ဆေးရာတွင် အစုစပ်လုပ်ငန်းဆောင်ရွက်သည့် လုပ်ငန်းအတိုင်းရေးဆွဲထားသော ငွေစာရင်း၊ ပစ္စည်းစာရင်း၊ ငွေရ ငွေပေးပြေစာများစသည့် စာရင်းမှတ်

တမ်းများကို တင်ပြနိုင်မှုမရှိပါကြောင်း၊ သို့ပါ၍ အမှုတွဲပါ တရားလိုတင်ပြသော ငွေစာရင်းနှစ်ချုပ်၊ အရောင်းအဝယ်အရှုံးအမြတ်စာရင်းကိုအခြေခံ၍ အမှုတွဲပါ တရားလိုနှင့် တရားပြိုင်တို့တင်ပြသည့် ဝင်ငွေများကို စိစစ်ဖော်ပြပါသည်ဟုတင်ပြချက်သည် မူလမှုစစ်ဆေးစဉ်က ဦးစိန်သောင်း၏ထွက်ချက် အရစက်ရုံလုပ်ငန်းနှင့်ပတ်သက်သည့် စာရင်းများ၊ ဘောက်ချာများကို တရားပြိုင်ဦးသန်းလွင် ဟသ်ာတမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေ၍ သွားရောက်ပေးပို့ပြသရာ ဦးသန်းလွင်ကအဆိုပါ စာရင်းဇယားစာအုပ်များကို ယူထားလိုက်၍ မတင်ပြဟု ပေါ်ပေါက်ချက်များကို ထိန်ချန်၍ တရားလို က စာရင်းမတင်ပြသည့်သဘော အကြောင်းပြချက်ကို ဆွဲယူတင်ပြချက်သာဖြစ်ကြောင်း၊ ကော်မရှင် နာ အစီရင်ခံစာအတည်ပြုချက်နှင့် တရားလိုနှင့် တရားပြိုင်တို့၏ အစုစပ်လုပ်ငန်းမတည်ရင်းနှီးငွေ စာရင်းဆိုသည်မှာ မူလလုပ်ငန်းစတင်သည့်အချိန်က တန်ဘိုးနှင့် ထည့်ဝင်ငွေများကို အစီရင်ခံစာ၌ ဖော်ပြအတည်ပြုခဲ့ပြီးဖြစ်၍ မြေကွက်တန်ဘိုး ယနေ့ပေါက်ဈေး ကျပ်သိန်း(၁၀၀၀)ကျော်ပါသည်ဟု တင်ပြချက်သည် အပြီးသတ်ဒီကရီချမှတ်ပြီးနောက်ပိုင်းဖြစ်၍ မူလရင်းနှီးမတည်ငွေဟု မသတ်မှတ် နိုင်သည့်ပြင် သိန်း(၁၀၀၀)တန်ခြင်း မတန်ခြင်းအပေါ် အယူခံတရားလို တင်ပြချက်အရအထောက် အထားခိုင်လုံစွာမရှိ၍ မတည်ငွေစာရင်းတွင် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားချက်အား ခွင့်ပြု လက်ခံရန်မဖြစ်နိုင်ကြောင်း၊ စာရင်းစစ်၏အစီရင်ခံစာတါင် မူလရုံးနှင့် စုံညီခုံရုံးမှ စာရင်းရှင်းလင်း ဖျက်သိမ်းရန် နေ့ရက်ကိုဒီကရီချမှတ်သည့် (၂၇-၁၂-၂၀၁၀)နေ့ထိသတ်မှတ်ထားသော်လည်း (၃၁-၈-၂၀၀၈)နေ့နောက်ပိုင်းရှိ ငွေစာရင်းမှတ်တမ်းများတင်ပြနိုင်မှုမရှိ၍ မူလအမှုတွဲပါ (၃၁-၃-၂၀၀၈)နေ့ ထိ စာရင်းများကိုသာ စစ်ဆေးတင်ပြပါသည်ဟု ဖော်ပြထားရာ သတ်မှတ်ထားသည့်မတည်ရင်းနှီးငွေ အချိုးတွင် အမှန်တကယ်နစ်နာသူမှာ မူလရုံးတရားလိုသာဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အယူခံမှု အားပလပ်ပေးရန် တင်ပြလျှောက်လဲသည်။

မူလရုံးအမှုတွဲကိုကြည့်ရှုလေ့လာရာတွင် တရားလိုဦးသိန်းဌေးက တရားပြိုင်ဦးသန်းလွင် အပေါ် အစုစပ်လုပ်ငန်းကိုဖျက်သိမ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းပေးစေလိုမှု စွဲဆိုခဲ့ခြင်းဖြစ်သည်။ အမှုမှာ ဧရာဝတီတိုင်းဒေသကြီးတရားရုံး တရားမကြီးမှုအမှတ် ၇/၂၀၀၉ ဖြင့် စတင်စွဲဆိုခဲ့ပြီး ပဏာမဒီကရီကို (၂၇-၁၂-၂၀၁၀)နေ့တွင် ချမှတ်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးတရားရုံး၏ ပဏာမ ဒီကရီကို ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ် ၂၇/၂၀၁၁ တွင် (၂-၁၁-၂၀၁၁)နေ့က အတည်ပြုခဲ့သည်။ တရားရုံးများ၏စီရင်ပိုင်ခွင့်များ တိုးမြှင့်လာသည့်အခါ ဟသ်ာတခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၉/ ၂၀၁၁ အဖြစ် ပြောင်းရွှေ့ရောက်ရှိလာစဉ် တရား ပြိုင်ဦးသန်းလွင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမဒုတိယအယူခံမှုလျှောက်ထားရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားမဒုတိယအယူခံမှုအမှတ် ၂၂၀/ ၂၀၁၁ တွင် အထက် ဖော်ပြပါ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသည့်အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွပလပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားမအထူးအယူ ခံမှုအမှတ် ၃၈/ ၂၀၁၂ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက် ကာ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတရားရုံးတို့၏ စီရင်ချက် နှင့် ဒီကရီကိုပြန်လည်အတည်ပြုကြောင်း (၁၁-၆-၂၀၁၃)ရက်နေ့တွင် အမိန့်ချမှတ်ခဲသဖြင့် Cool Flower အစုစပ်သောက်ရေသန့်စက်ရုံလုပ်ငန်းနှင့်ပတ်သက်ပြီး ကော်မရှင်နာခန့်အပ်၍ပစ္စည်းစာရင်း များကောက်ယူပြီး ကော်မရှင်နာ၏အစီရင်ခံစာအပေါ် ဟသ်ာတခရိုင်တရားရုံးက (၂၄-၇-၂၀၁၅) ရက်နေ့တွင် တရားလို၏မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်နှင့် တရားပြိုင်၏မတည်ငွေမှာ ၁၆၇၇၉၀၈၀ ကျပ်ဟုသတ်မှတ်၍ အတည်ပြုခဲ့ကြောင်းတွေ့ရသည်။ ယင်းအမိန့်ကို ဧရာဝတီတိုင်း ဒေသကြီးတရားလွှတ်တော်၊ တရားမပြင်ဆင်မှုအမှတ် ၁၂၃/၂၀၁၅ ဖြင့် တက်ရောက်ရာ (၁၉-၁-

၂၀၁၆)ရက်နေ့တွင် မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်တို့သည် အစုစပ်လုပ်ငန်းကို (၁.၁၂:၀.၈၈) အချိုးဖြင့် ခွဲဝေယူရန်နှင့် တရားလို၏မတည်ငွေမှာ ၅၀၈၈၆၈၁၉ ကျပ်နှင့် တရားပြိုင်၏မတည်ငွေမှာ ၄၅၂၅၀၈၉၈ ကျပ်ဖြစ်သည်ဟု ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ကြောင်း တွေ့ရသည်။ ယင်းအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားလိုနှင့် တရားပြိုင်တို့က တရားမပြင်ဆင်မှုအမှတ် ၁၈၉/၂၀၁၆၊ ၂၃၁/၂၀၁၆ တို့အရ တက်ရောက်ခဲ့သော်လည်း ပြင်ဆင်မှုများကို ပလပ်ခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင်တရားလိုနှင့် တရားပြိုင်တို့သည် စာချွန်တော်မှုအမှတ် ၁၄၀/၂၀၁၆ နှင့် ၁၈၈/၂၀၁၆ တို့ဖြင့် အသီးသီးတက်ရောက်သော်လည်း ပလပ်ခံရသဖြင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၁၂၃/၂၀၁၆ ၏ အမိန့်မှာအတည်ဖြစ်လျှက်ရှိကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ရာ ဟင်္သာတခရိုင်တရားရုံး၏ကော်မရှင်နာအတည်ပြုသည့်အမိန့်အပေါ် ချမှတ်ခဲ့ပြီးနောက် အပြီးသတ်ဒီကရီချမှတ်ရာတွင် တရားလိုနှင့် တရားပြိုင်တို့၏စိုက်ထုတ်ငွေများတွက်ချက်ခြင်းဖြစ်ကြောင်းတွေ့ရသည်။ အယူခံတရားလိုအနေဖြင့် တင်ပြသောအချက်များမှာ ကော်မရှင်နာအစီရင်ခံစာအတည်ပြုသည့်အမိန့်တွင် ဖော်ပြပြီးသောအချက်များကို တင်ပြနေခြင်းအား လက်ခံရန် မရှိပေ။

ဟင်္သာတခရိုင်တရားရုံးသည် ယင်းကော်မရှင်နာအစီရင်ခံစာအပေါ် အပြီးသတ်ဒီကရီချမှတ်ခဲ့ကြောင်း တွေ့ရသည်။ အစုစပ်လုပ်ငန်းများဖျက်သိမ်း၍ စာရင်းရှင်းလင်းခွဲဝေပေးစေလိုမှုတွင် အပြီးသတ်ဒီကရီချမှတ်ရာတွင် အစုစပ်လုပ်ငန်း၏ကြွေးမြီများကို ကနဦးပေးဆပ်စေရန်၊ ထို့နောက် တရားစရိတ်များပေးဆောင်စေရန် အစုဝင်များရခွင့်ရှိသောငွေများကို ပေးချေစေရန် တရားပြိုင်အားပေးရန်ရှိကြောင်းတွေ့ရှိလျှင် ၎င်းတရားပြိုင်အားပေးရန်ရှိသည်တို့ကို ပေးစေရန် ညွှန်ကြားရမည်ဖြစ်သည်။ ဟင်္သာတခရိုင်တရားရုံးအနေဖြင့် တရားလိုဦးသိန်းဒွေးနှင့် တရားပြိုင်ဦးသန်းလွင်တို့သည် (Cool Flower) သောက်ရေသန့်အစုစပ်လုပ်ငန်းကို တရားလိုဦးသိန်းဒွေးမှ မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်ထည့်ဝင်၍လည်းကောင်း၊ တရားပြိုင်ဦးသန်းလွင်မှ မတည်ရင်းနှီးငွေ ၄၅၂၅၀၈၉၈ ကျပ်ထည့်ဝင်၍ လုပ်ကိုင်ကြသည်ဖြစ်၍ ထို (Cool Flower) သောက်ရေသန့်လုပ်ငန်းတွင် တရားလိုဦးသိန်းဒွေးနှင့် တရားပြိုင်ဦးသန်းလွင်တို့သည် (၁.၁၂:၀.၈၈) အချိုးဖြင့် ခွဲဝေယူကြစေရန် အပြီးသတ်ဒီကရီချမှတ်လိုက်သည်ဟုဖော်ပြထားရာ အပြီးသတ်ဒီကရီမှာပြည့်စုံမှုမရှိကြောင်း တွေ့ရသည်။ ဟင်္သာတခရိုင်တရားရုံးအနေဖြင့် ပဏာမဒီကရီတွင်ပါရှိသည့်အတိုင်း မတည်ငွေများ၏အချိုးအတိုင်း စာရင်းရှင်းလင်းခွဲဝေယူကြရန် အပြီးသတ်ဒီကရီတွင်လည်း ယင်းအချိုးအတိုင်းခွဲဝေယူကြရန် ချမှတ်ခဲ့ခြင်းမှာ ပဏာမဒီကရီနှင့်ခြားနားခြင်းမရှိသည့်ဒီကရီသည် အပြီးသတ်ဒီကရီမမည်ဟု ဦးမြတ်ကျော်နှင့် ဦးသိန်းမောင် ပါ-၅ အမှု(၁၉၈၄ မတစ ၃၀၂ ) တွင်ထုံးဖွဲ့ထားရာ ဟင်္သာတခရိုင်တရားရုံး၏အပြီးသတ်ဒီကရီမှာ ပြည့်စုံစွာချမှတ်ထားသည်ဟု မဆိုသာပေ။

ထို့ကြောင့် အယူခံမှုကို ခွင့်ပြုသည်။ ဟင်္သာတခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်သည်။ မူလခရိုင်တရားရုံးသည် ၎င်းသတ်မှတ်ခဲ့သည့် တရားလို၏မတည်ရင်းနှီးငွေ ၅၀၈၈၆၈၁၉ ကျပ်အပေါ်တွင် အစုစပ်လုပ်ငန်းကိုဖျက်သိမ်းလိုက်သည့်နေ့တွင် တရားလိုရရန်ရှိသော အကျိုးအမြတ်ငွေကို ပဏာမဒီကရီတွင် ချမှတ်ထားသည့်အချိုးအတိုင်းရသင့်ငွေကို တွက်ချက်၍ ခွဲဝေပေးသည့်အပြီးသတ်ဒီကရီကို ချမှတ်ပေးရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ် ၂၀၀၀၀- ကျပ် သတ်မှတ်သည်။

(ဝင်းမြင့်)

တရားသူကြီး